ရွှေညောင်ပင်ကျေးရွာ၊ဥက္ကံရှမ်းစုကျေးရွာ

တိုက်ကြီးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ရွှေညောင်ပင်ကျေးရွာ၊ဥက္ကံရှမ်းစုကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၃	၄
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၅	၅
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၆	၆
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၇	၇
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၈	၈
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၈	၈
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၈	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၉	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉	၉
	(ဂ) ငါးလုပ်ငန်း	၉	၁၀
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၀	၁၀
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၁၀	၁၀
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၀	၁၁
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၂	၁၂
၁၄	ကျား-မရေးရာ	၁၂	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၇
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၈	၁၈
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၉	၂၀
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၁	၈၈
၁၉	လက်ရှိပညာသင်ကြားနေသောကျောင်းသားစာရင်း	၈၉	၉၀
၂၀	ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း	၉၁	၉၂

၂၁	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၉၃	၉၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၃၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေညောင်ပင်ကျေးရွာ၊ဥက္ကံရှမ်းစုကျေးရွာအုပ်စု
တိုက်ကြီးမြို့နယ်

ရွှေညောင်ပင်ကျေးရွာ၊တိုက်ကြီးမြို့နယ်၊ သယံဇာတပြမြေပုံ




ရွှေညောင်ပင်ကျေးရွာ၊တိုက်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်

ရွှေညောင်ပင်ကျေးရွာရာသီခွင်ပြကွက်ဒိန်ရေးဆွဲခြင်း

အပြင်အဆင်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	သာဓန်	သာဓန်	သာဓန်	ထောင်း	ထောင်း	ထောင်း	ထောင်း	သာဓန်	သာဓန်	သာဓန်	သာဓန်	သာဓန်
ထက်ထုပ်ထက်စား /ဝင်ငွေ	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	ထောင်း	ထောင်း	ထောင်း	ထောင်း	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်
အဆုံးရှိုက်	နည်း	နည်း	နည်း	များ	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း
ချွေးဒွေးလိုအပ်မှု	လိုအပ်	လိုအပ်	လိုအပ်	မလို	မလို	မလို	မလို	လိုအပ်	လိုအပ်	လိုအပ်	လိုအပ်	လိုအပ်
ဝမ်းစာခုလုံမှု												
ဆောက်ဆုံးရေခြိုမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရိစ္ဆာန်အစာရခြိုမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရိစ္ဆာန်ဈေးကြခြိုမှု	ညံ့	ညံ့	ညံ့	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ညံ့	ညံ့	ညံ့
ကျန်းမာရေး (ရောဂါများခြင်း)	ထောင်း	ကောင်း	တုပ်ကွေး	တုပ်ကွေး	ကောင်း	ကောင်း	ကောင်း	တုပ်ကွေး	နှာချေဖို့	နှာချေဖို့	ကောင်း	ထောင်း
သီနှံပို့များကုန်ဈေးကွက်	နည်း	များ	များ	များ	များ	နည်း	နည်း	များ	များ	များ	များ	များ
ပွဲတော်	သင်္ကြန်ပွဲ	ဆောင်ရေးနှုန်းပွဲ		ဝါဆိုပွဲ			မီးထွန်းပွဲ	တန်ဆောင်တိုင်ပွဲ			တမန်ပွဲ	ဘုရားပွဲ
သဘာဝဘေး	မီးဘေး	မီးဘေး		ရေဘေး	ရေဘေး	ရေဘေး						မီးဘေး
ထွက်ရွေ	၃၀%	၃၀%	၃၀%	၅၀%	၅၀%	၅၀%	၅၀%	၅၀%	၅၀%	၅၀%	၅၀%	၅၀%

ရွှေညောင်ပင်ကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ရွှေညောင်ပင်ကျေးရွာသည်ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးခရိုင်၊တိုက်ကြီးမြို့နယ်၊ ဥက္ကံရုမ်းစု အုပ်စုတွင်ပါဝင်ပြီးတိုက်ကြီးမြို့နှင့်(၁၅မိုင်၅ဖာလုံ)ခန့်ကွာဝေးပါသည်။သိမ်းကုန်း- ပျဉ်းမကုန်းလမ်း မဘေးကျေးရွာဖြစ်ပါသည်။ကျေးရွာသည်အုပ်ချုပ်ရေးရုံးစိုက်ရာအလွယ်တကူဆက်သွယ်သွားလာနိုင် သည်။ကျေးရွာသည် မြေနိမ့်ဒေသတွင်တည်ရှိပြီးအဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ ငါးကန် မွေးမြူသူများဖြစ်ပါသည်။ကျေးရွာ၏ဒေသတစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၆၀မှ၈၀ဝန်း ကျင်တွင် တည်ရှိပြီးငါးမွေးမြူရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာအနီး တွင်ဥက္ကံချောင်းနှင့်ကွမ်းခြံကုန်းချောင်းမှ ဝန်းရံလျှပ်ရှိပါသည်။ယခုနှစ်တွင် မြစ်ရေကြီးခြင်းကိုခံစားခဲ့ ရသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ကျေးရွာတွင်စိုက်ပျိုးမြေအနည်းငယ်သာရှိပြီး မြေနိမ့်ဒေသဖြစ်ကာလယ်ယာစိုက်ပျိုးရေးလုပ် ကိုင်သူနည်းသည်။ရာသီပေါ်သီးနှံများကိုသာစိုက်ပျိုးကျသည်။ ကျေးရွာတွင်ငါးကန်မွေးမြူသူများနှင့် ငါးသားပေါက်လုပ်ငန်းများ ကိုသာအဓိကထားလုပ်ကိုင်သည့်ကျေးရွာဖြစ်သည်။ ရေမြေသဘာဝသည် ငါးကန်မွေးမြူရန်သင့်တင့်သည့်ဒေသဖြစ် သည်။ ငါးကန်ပေါင်း(၂၀)ရှိကာ ကျေးရွာပတ်ဝန်းကျင်တွင် ချောင်းများတည်ရှိပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းလူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့ ၊ပညာရေးအဖွဲ့(၁)ဖွဲ့ရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့်အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန် များအားတက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ယင်းအဖွဲ့အစည်းများအနက်ပြင်ပမှ ဖွဲ့စည်းပေး ထားသောအဖွဲ့များမရှိပါ။ ကျေးရွာတွင်းလူမှုရေးအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ဘာသာရေးနှင့်ဝါတွင်းကာလပတ်လုံးဆွမ်းလောင်းကြပါသည်။ ကျေးရွာတွင်းဘာသာရေးနှင့်ပတ် သတ်၍ကလေးငယ်များ ယဉ်ကျေးလိမ္မာလာစေရန်အတွက် နွေရာသီအခြေခံယဉ်ကျေးမှုသင်တန်း များဖွင့်လှစ်ပေးလျှက်ရှိပါသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ ၊အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ် ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါ သည်။ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနတို့မှ ငါးမွေးမြူရေး ငါးသားပေါက်လုပ်ငန်းများ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင်အိမ်ထောင်စု၏**၈**%သည်အဆင်ပြေသောအိမ်ထောင်စု၊ ၁၆%သည် အလယ်အလတ်အိမ်ထောင်စု၊ ၆၆%သည် ဆင်းရဲ သောအိမ်ထောင်စုနှင့် **၁၀% သည်** အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ်သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုအနည်းငယ်သာရှိပြီး လုပ်ကိုင်ကြပါသည်။အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲငှားရမ်းပြီးထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ်မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြရပါသည်။ ကျေးရွာ၏စိုက်ပျိုးမြေများနှင့်ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်မပြေသောကြောင့်စိုက်ပျိုးရေးလုပ်ကိုင်သူနည်းပါးသည်။ ကျေးရွာတွင်မတ်ပဲ(၃)ဧက၊ ပြောင်း(၂)ဧက၊ ချဉ်ပေါင်(၁)ဧက၊မုံလာ (၁)ဧကနှင့် ငှက်ပျော(၃)ဧကတို့ကို အဓိကထားစိုက်ပျိုးကြသည်။လယ်သမားအများစုသည်လုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှအလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားသည်။ သီးနှံအထွက်နှုန်းသည် တစ်နှစ်နှင့်တစ်နှစ်မတူညီနိုင်ပါ။ ရာသီဥတုဖောက်ပြန်ခြင်း၊ ဖျက်ပိုးကျခြင်း၊ မိုးခေါင်ခြင်း၊ ချောင်းရေလျှံခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့်အထွက်နှုန်းကျဆင်းသည်

(ခ) မွေးမြူရေးလုပ်ငန်း

ရွှေညောင်ပင်ကျေးရွာတွင် စိတ်မွေးမြူရေးလုပ်ငန်းကို တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုမှ ကောင်ရေ(၁၅) မွေးမြူထားကြပါသည်။ အခြားသောတိရစ္ဆာန် မွေးမြူရေးအနေဖြင့် ၊ဝက်၊ ကြက် မွေးမြူမှုအနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်းနှင့်ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းနှင့်စားကျက်မြေနှင့် တိရစ္ဆာန်အစာများရှားပါးခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါ။ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လာခြင်းနှင့် အခြားမွေးမြူရေးဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးမရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများအားစီးပွားဖြစ် လုပ်ကိုင်မှုမရှိသည်ကိုတွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ရွှေညောင်ပင်ကျေးရွာသည်ငါးမွေးမြူရေးနှင့်ငါးသားပေါက်လုပ်ငန်းကိုအဓိကထားလုပ်ကိုင်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ ငါးကန်ပေါင်း(၂၀)ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုမှာထုတ်လုပ်ရန် အတွက်အထောက်အပံ့ဖြစ်စေပါသည်။ကျေးရွာသည် သိမ်ကုန်း-ပျဉ်းမကုန်းကားလမ်းဘေး ကျေးရွာဖြစ်သောကြောင့် ကုန်စည်များရောင်းချရန်ဈေးကွက်နှင့်သွားလာရလွယ်ကူသည်။ငါးများအားရန်ကုန်စံပြငါးဈေးကြီးသို့တင်ပို့ရောင်းချရသည်။ ငါးသားပေါက်များအား

မြန်မာတစ်နိုင်ငံလုံးသို့ဖြန့်ချီရောင်းချရသည်။ ကျေးရွာတွင်အအေးသိုလှောင်ခန်းရှိမည်ဆိုပါက ထုတ်ကုန်များအရည်အသွေးမီထုတ်လုပ်နိုင်မည်ဖြစ်ပြီးကျေးရွာမှဝင်ငွေပိုမိုရရှိလာမည်ဖြစ်သည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ၇၀၀၀/ကျပ်မှ၁၀၀၀၀/ကျပ်အထိရပါသည်။ ငါးလုပ်ငန်းမှာ လုပ်ကိုင်သူများမှာ၁၀၀၀၀ရရှိကျသည်။ငါးကန်ဖော်ချိန်တွင် ငါးလုပ်ငန်းတွင် လုပ်အားခပိုမိုရရှိကျသည်။ကျေးရွာအတွင်း ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ အနည်းငယ်ရှိသည်။ ငါးပိ၊ ငါးခြောက်နှင့်အခြားဝင်ငွေရလုပ်ငန်းများမှာနွေစားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ လက်သမား၊ ပန်းရံ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းတို့ဖြစ်ကြသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး အလုပ်အကိုင်အခွင့်အလမ်းကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းကြောင့်ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။စက်ချုပ်သင်တန်း၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျှော်)ပြင်သင်တန်း စသောအသက်မွေးဝမ်းကျောင်းသင်တန်းများတတ်မြောက်မှုနည်းပါးခြင်းကြောင့်ကျွမ်းကျင်မှု အခြေခံသည့်အလုပ်အကိုင်ရရှိမှု့ အခွင့်အလမ်းနည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ရွှေညောင်ပင်ကျေးရွာမှကျေးရွာပိုင်ရန်ပုံငွေများအားမတည်ရန်ပုံငွေထားရှိပြီး ကျေးရွာသူ/သားများမှချေးငွေများကိုချေးယူကြပါသည်။ သို့ရာတွင်ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအားအလုံ အလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေး ပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေမျိုးများ ထံတွင် ချေးယူရပြီးတစ်လ လျှင် အတိုးနှုန်း (၅)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရခက်ခဲသည်။ ကလေးများပညာသင်ကြားနိုင်ရေး စာသင်ကျောင်းမရှိခြင်းကြောင့် ကျေးရွာချင်းဆက်ဥက္ကံရှမ်းစုကျေးရွာ(မူလွန်)ကျောင်းသို့သွားရောက်ပညာသင်ကြားရသည်။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာမရှိသေးပါ။ ကျေးရွာတွင်းလျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တပ်ဆင်အသုံးပြုနေပြီးမီးအားနည်းသည်။ ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ဖုန်းလိုင်း၊ အချို့အိမ်ထောင်စုများမှာဆိုလာ၊ဖယောင်းတိုင်မီးများကိုသာအသုံးပြုနေကြပါသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက်

ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာသူ/သား များအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင် ရွက်တတ်ကြပါသည်။

(၆) ပညာရေး

ရွှေညောင်ပင်ကျေးရွာသည် အခြေခံပညာစာသင်ကျောင်းမရှိသေးဘဲ ကျေးရွာရှိကလေးများ အနေဖြင့် ဥက္ကံရှမ်းစုကျေးရွာ အခြေခံပညာမူလွန်ကျောင်းအထိ သွားရောက်၍ ပညာသင်ကြား ကြရပါသည်။ကျေးရွာရှိ ကျောင်းသားများ အဆင့်ပြေစွာ ပညာသင်ကြားရာနိုင်ရေးအတွက် အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ကျေးရွာသူ/သားများ အနေဖြင့် လိုလားနေကြပါသည်။ကျောင်းကို အလျား(၆၀)ပေ၊ အနံ (၄၀)ပေ၊အမြင့်(၁၈)ပေ (၃)ဆောင်၊ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာ၊အင်္ဂတေခင်းကျောင်း မူလွန်ကျောင်းနှင့်သိမ်ကုန်း အထက်တန်းကျောင်းတွင် ပညာသင်ကြားနိုင်ကြသည်။ ကျောင်းသား/ သူများမှာ စာသင်ကျောင်းသို့ စက်ဘီး၊ ခြေလျင်၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်ကာပညာသင်ကြားနိုင်ကြသည်။ ကျောင်းတွင်ပရိ ဘောဂလုံလောက်မှုရှိပြီး ဆရာ/မ(၆)ယောက်အခမဲ့ ပညာရေးစနစ်ဖြစ်သောကြောင့် မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိဘဲကျောင်းတတ်နှုန်းမြင့်မားပါသည်။ ကျေးရွာမှကျောင်း၏ လိုအပ်ချက်များ ကိုဖြည့်ဆည်းပေးလျက်ရှိပါသည်။ သို့သော်တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်မှုနည်းသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသောကြောင့် ဥက္ကံရှမ်းစု ကျေးရွာကျေးလက်ဆေးပေးခန်းသို့သွားရောက်ကြရပြီးအရေးပေါ်ကိစ္စရပ်များအတွက်ဥက္ကံတိုက်နယ် ဆေးရုံနှင့်တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကုသကြပါသည်။ကျေးရွာတွင် ကျန်းမာရေး ဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှု များရှိပါသည်။သောက်သုံးရေအတွက် အဝီစိတွင်းစက်တပ်(၈၀)တွင်း၊ အဝီစိတွင်း တုံကင်(၁၉) တွင်းရှိ ပါသည်။အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲကြပီး အချို့ကအုတ်ကျင်းဖြင့် ဆောက်လုပ်ကြပြီး အချို့အိမ်ထောင်စုများမှာကျောက်ခွေဖြင့်သုံးစွဲကြသည်။ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါများ မရှိပါ။ရေလုံအိမ်သာကိုချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင် ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထား သဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ဥက္ကံချောင်းမှ ရေတိုက်စားမှုကြောင့် ချောင်းကမ်းပြုခြင်း၊ ခြံစိုက်ခင်းများ၌ သဘာဝမြေဩဇာများ အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေဩဇာများ အသုံးပြုမှုများလာသောကြောင့် မြေဆီလွှာများပိုမိုပျက်စီးရပါသည်။ မြေဆီလွှာများပျက်စီးခြင်း၊ မြေဩဇာဈေးနှုန်းများ မြင့်မားခြင်းကြောင့်သီးနှံအထွက်နှုန်းများ လျော့နည်းလာကာ အမြတ်ကျန်ရှိမှု နည်းပါးလာပါသည်။ ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှု အားနည်းခြင်းများ ကြောင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေး သင့်ပါသည်။

၉။ ကျား/မရေးရာ

ရွှေညောင်ပင်ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရွှေညောင်ပင်ကျေးရွာ၏စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော

ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉
၁	ကျေးရွာတွင်းဂဝံလမ်းခင်းရန် (၁၂၂၀'x၁၂'x၉'')	၁	√				
၂	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး (၃၀၀သိန်း)	၂		√	√	√	√
၃	ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းရရှိရေး(၃၀၀သိန်း)	၃	√	√			
၄	မီးကြိုးနှင့်မီးတိုင်များအသစ်ရရှိရေး(၃၀၀၀')	၄		√	√	√	√
၅	ကျေးရွာထရန်စဖော်မာရရှိရေး	၅		√	√		
၆	ကျေးရွာမူလတန်းစာသင်ကျောင်းရရှိရေး (၆၀'x၃၀'x၁'')	၆		√	√	√	
၇	ကျေးရွာစာကြည့်တိုက်ရရှိရေး (၂၀'x ၃၀'x၁')	၇				√	√
၈	အားကစားကွင်းတည်ဆောက်နိုင်ရေး	၈			√	√	√
၉	သားငါးသိုလှောင်ရန် အအေးခန်း တည်ဆောက်နိုင်ရေး	၉		√	√	√	√
၁၀	ကျေးရွာချောင်းကူးတံတားရရှိရေး (၁၀၀'x၁၄')	၁၀					√
၁၁	အောင်စီဂျင်စက်ရုံတည် ဆောက်နိုင်ရေး	၁၁		√	√		
၁၂	ရေကာတာ၊မြေထိန်းနံရံတည်ဆောက်နိုင်ရေး(၁၀၀၀')	၁၂				√	√

၁၃	ကောင်းမွန်သောရေသတ္တဝါကျင့်စဉ် GAOP နည်းပညာရရှိရေး	၁၃		√	√	√	√
၁၄	တွင်းနက်ရရှိရေး (၄.၅"ဖ၃၀၀')	၁၄				√	√
၁၅	ဖုန်းပြုပြင်ခြင်းသင်တန်းရရှိရေး	၁၅					√
၁၆	ငါးအခြောက်ခံစက်ရရှိရေး	၁၆					√
၁၇	တပိုင်တနိုင်အိမ်တွင်းအသက်မွေးဝမ်း ကျောင်းလုပ်ငန်းပညာပေးသင်တန်းရရှိရေး	၁၇					√

(၁၁) ရွှေညောင်ပင်ကျေးရွာ၊ဥက္ကံရှမ်းစုကျေးရွာအုပ်စု ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံ ချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းဂဝံလမ်းခင်းရန် (၁၂၂၀'x၁၂'x၉'')	၁၀	၁၀	၁၀	၁၀	၁၀	၈	၁၀	၉	၁၀	၁၀	၉၇	၁
၂	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး (၃၀၀သိန်း)	၉	၉	၇	၉	၉	၈	၉	၇	၉	၉	၈၅	၂
၃	ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းရရှိရေး (၃၀၀သိန်း)	၈	၆	၈	၇	၈	၈	၉	၈	၈	၆	၈၅	၃
၄	မီးကြိုးနှင့်မီးတိုင်များအသစ်ရရှိရေး (၃၀၀၀')	၇	၅	၇	၇	၆	၇	၇	၄	၇	၇	၇၆	၄
၅	ကျေးရွာထရန်စဖော်မာရရှိရေး	၆	၆	၅	၆	၆	၄	၆	၈	၆	၆	၇၄	၅
၆	ကျေးရွာမူလတန်းစာသင်ကျောင်းရရှိ	၆	၆	၆	၅	၅	၅	၅	၈	၇	၆	၅၉	၆

	ရေး (၆၀'x၃၀'x၁၂'')												
၇	ကျေးရွာစာကြည့်တိုက်ရရှိရေး (၂၀'x ၃၀'x၁၂')	၅	၆	၆	၅	၅	၅	၅	၈	၇	၆	၅၈	၇
၈	အားကစားကွင်းတည်ဆောက်နိုင်ရေး	၅	၆	၆	၅	၄	၅	၅	၇	၇	၅	၅၅	၈
၉	သားငါးသိုလှောင်ရန် အအေးခန်း တည်ဆောက်နိုင်ရေး	၅	၆	၆	၅	၄	၅	၅	၇	၇	၄	၅၄	၉
၁၀	ကျေးရွာချောင်းကူးတံတားရရှိရေး (၁၀၀'x၁၄')	၅	၆	၆	၅	၄	၅	၅	၇	၆	၄	၅၃	၁၀
၁၁	အောင်စီဂျင်စက်ရုံတည် ဆောက်နိုင်ရေး	၅	၆	၆	၅	၄	၅	၅	၄	၆	၄	၅၀	၁၁
၁၂	ရေကာတာ၊မြေထိန်းနံရံတည်ဆောက်နိုင်ရေး(၁၀၀၀')	၅	၆	၅	၅	၄	၅	၅	၄	၆	၄	၄၉	၁၂
၁၃	ကောင်းမွန်သောရေသတ္တဝါကျင့်စဉ် GAOP နည်းပညာရရှိရေး	၄	၅	၅	၄	၄	၅	၅	၄	၅	၄	၄၅	၁၃
၁၄	တွင်းနက်ရရှိရေး (၄.၅"ø၃၀၀')	၄	၅	၅	၃	၄	၅	၅	၄	၅	၄	၄၄	၁၄
၁၅	ဖုန်းပြုပြင်ခြင်းသင်တန်းရရှိရေး	၄	၅	၄	၃	၄	၅	၄	၄	၅	၄	၄၂	၁၅
၁၆	ငါးအခြောက်ခံစက်ရရှိရေး	၄	၄	၃	၃	၄	၅	၄	၄	၅	၄	၄၀	၁၆

၁၇	တပိုင်တနိုင်အိမ်တွင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာပေးသင်တန်းရှိရေး	၄	၄	၃	၃	၄	၅	၄	၄	၅	၃	၄၉	၁၇

(၁၂) ဥက္ကံရှမ်းစုကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးထွန်းမင်းနိုင်	ဦးလှအောင်	၁၂/တကန(နိုင်)၁၆၉၅၂	၄၃	ဥက္ကဋ္ဌ	၀၉-၄၂၀၁၇၁၃
၂	ဒေါ်မေဇင်ဦး	ဦးစန်းလွင်	၁၂/တကန(နိုင်)၂၀၀၇၃၄	၃၄	အတွင်းရေးမှူး	၀၉-၇၉၈၅၁၄၄၆၀
၃	ဦးတင်ထွန်း	ဦးမာန်မောင်	၁၂/တကန(နိုင်)၀၁၆၄၈၈	၆၅	အဖွဲ့ဝင်	၀၉-၆၆၈၂၉၂၃၄
၄	ဦးဌေးဝင်း	ဦးအုန်းရွှေ	၁၄/ဟသတ(နိုင်)၀၁၁၆၉၉	၆၁	အဖွဲ့ဝင်	၀၉-၇၈၈၀၆၃၄၂၂
၅	ဒေါ်သင်းသင်းလှ	ဦးလှဝင်း	၁၂/တကန(နိုင်)၁၃၆၅၃၉	၄၃	အဖွဲ့ဝင်	၀၉-၇၅၁၇၃၄၇၃
၆	ဒေါ်တိုးတိုးအေး	ဦးတင်စိုး	၁၂/တကန(နိုင်)၂၅၁၉၄၈	၃၆	အဖွဲ့ဝင်	၀၉-၆၉၇၆၈၁၉၆၀
၇	ဒေါ်ချိုချိုဝင်း	ဦးလှအောင်	၁၂/တကန(နိုင်)၀၁၆၂၃၇	၅၆	အဖွဲ့ဝင်	၀၉-၇၉၈၅၇၆၀၂၃

ဥက္ကံရှမ်းစုကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဝယ်ယူရေးဆပ်ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ထွန်း	ဦးမာန်မောင်	၁၂/တကန(နိုင်)၀၁၆၄၈၈	၄တန်း	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉-၆၆၈၂၉၂၃၄
၂	ဒေါ်ချိုချိုဝင်း	ဦးလှအောင်	၁၂/တကန(နိုင်)၀၁၆၂၃၇	၈တန်း	စာရင်းကိုင်	၀၉-၇၉၈၅၇၆၀၂၃
၃	ဒေါ်တိုးတိုးအေး	ဦးတင်စိုး	၁၂/တကန(နိုင်)၂၅၁၉၄၈	၁၀တန်း	ဘဏ္ဍာရေးမှူး	၀၉-၆၉၇၆၈၁၉၆၀

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်း/ပြည်နယ်	- ရွှေညောင်ပင်ကျေးရွာ - ဥက္ကံရှမ်းစုကျေးရွာအုပ်စု - တိုက်ကြီးမြို့နယ် - ရန်ကုန်တိုင်းဒေသကြီး
စီမံချက်အမည်	- ကျေးရွာတွင်းဂဝံလလမ်းခင်းခြင်းလုပ်ငန်း(ၥ၂၂ဂ'xၥ၂'xဇ'')
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သောကြောင့်မိုးရာသီတွင် ကျောင်းသား/သူများ သွားလာရခက်ခဲခြင်း၊သက်ကြီးရွယ်အိုများ၊ရဟန်းသံဃာများသွားလာရခက်ခဲသောကြောင့်ဂဝံလမ်းလိုအပ်ခြင်းဖြစ်ပါသည်။
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	ကျောင်းသား/သူများသက်ကြီးရွယ်အိုများ၊ရဟန်းသံဃာများသွားလာရလွယ်ကူစေရန်အတွက် ကျေးရွာတွင်းဂဝံလမ်းခင်းခြင်း ဆောင်ရွက်သွားမည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာရန်ပုံငွေထားရှိသွားမည်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	ကျေးရွာတွင်းဂဝံလမ်းရရှိ၍ ကျေးရွာသူ/သားများ ပညာရေး ၊ကျန်းမားရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရမည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)	သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေများဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာဆောင်ရွက်သွားမည်။
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၃	၂၃၇	၃၉၀	၈	၁၆	၆၆	၁၀	၁၀၀
အကျိုးခံစားမည့်သူ ဦးရေ	၁၅၃	၂၃၇	၃၉၀	၈	၁၆	၆၆	၁၀	၁၀၀
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -
(၃) စီမံချက် ပြီးစီးမည့် အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်းဂဝံလမ်းခင်းခြင်းအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသောသိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ / သားများပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၆	၁၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၈	၁၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၈	၁၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၉	၂၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀	၂၀၀	၃၂၀		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၆	၁၀		
စုစုပေါင်း =၃၉၀ ယောက်		**၁၅၃**	**၂၃၇**	**၃၉၀**		
စုစုပေါင်း အိမ်ထောင်စု = ၁၀၀ စု						

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၁၀၀)စုနှင့်စုစုပေါင်းလူဦးရေမှာ (၃၉၀)ဦးရှိပါသည်။ ၁နှစ်အောက်နို့စို့အရွယ် ကျား(၄) မ(၆)ဦးရှိပါသည်။ ၁နှစ်မှ၅နှစ်အောက်ကလေးငယ်ကျား(၇)ဦးမ(၈)ဦး၊ မူလတန်းကျောင်းနေအရွယ်ကျား(၇)ဦးမ(၈)ဦးရှိပြီး အလယ်တန်းကျောင်းသားအရွယ် ကျား(၁၁)ဦး မ(၉)ဦး တို့ရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိလူဦးရေမှာကျား(၁၂၀)ဦးနှင့်မ(၂၀၀)ဦးရှိပြီး အလုပ်လုပ်နိုင်သည့် လူပေါများကာလူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ သက်ကြီးရွယ်အို(၁၀)ဦးရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၃		၃			မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၁	၆၅	၁	၂၅	၃၀		မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၃၆	၁၁၂	၂	၅၀	၆၂		မြင့် ☐ လတ်☑ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၅	၁၅	၂	၅	၁၀		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၄	၄		၄			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂	၂		၂			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁	၁		၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၁၀	၁	၃	၈		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၀	၂၀		၂၀			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		၂			မြင့် ☐ လတ်☑ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	✓	✓	✓		✓		မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁		၁		မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း						၁၀	မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၁၀၀	၂၃၇	၁၀	၁၁၄	၁၁၄	၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်စိုက်ပျိုးရေးကိုယ်ပိုင်အိမ်ထောင်စု(၃)စု၊ ငါးကန်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု(၂၁)စု၊ ငါးကန်မွေးမြူရေးတွင်အငှားလုပ်ကိုင်သူအိမ်ထောင်စု(၃၆)စု၊ ငါးပိငါးခြောက်လုပ်ကိုင်သူအိမ်ထောင်စု(၅)စု၊ဆောက်လုပ်ရေးလက်သမား ပန်းရံလုပ်ကိုင်သူ အိမ်ထောင်စု(၄)စု၊ကိုယ်ပိုင်စက်ချုပ်အိမ်ထောင်စု(၁)စု၊လျှပ်စစ်ပစ္စည်းများပြုပြင်ခြင်း(၂)စု၊ ဈေးရောင်းအိမ်ထောင်စု(၃)စု၊ ပို့ဆောင်ရေးအိမ်ထောင်စု(၂၀)စု၊ ကားအငှားမောင်းအိမ်ထောင်စု(၂)စု၊ ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သည့် တွဲဖက်လုပ်ကိုင်သူ(၁၀)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊ မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၁၀၀၀	၇၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
					၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၁၀၀၀၀	၁၀၀၀၀	၇၀၀၀	၇၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၁၀၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ငါးလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်နေသောအမျိုးသား၊ အမျိုးသမီးတစ်ဦးလျှင် အများဆုံးတစ်နေ့လျှင်(၁၀၀၀၀)ကျပ်ရရှိကြပြီး အနည်းဆုံးလုပ်အားခနှုန်းထားမှာတစ်နေ့လျှင်အမျိုးသား၊ အမျိုးသမီးတစ်ဦးလျှင်(၇၀၀၀)ကျပ်ရရှိ၍ လုပ်အားခတန်းတူရကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
စုစုပေါင်း	၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းစိုက်ပျိုးမြေ(၁၀)ဧကခန့်ရှိပြီးမြေဆီလွှာအရည်အသွေးမှာ အသင့် အတင့်ရှိကြောင်းတွေ့ရပါသည်။ခြံစိုက်ပျိုးရေးစိုက်ပျိုးသူများသာဖြစ်ပြီး လယ်ယာလုပ်ငန်း သည်အဓိကလုပ်ငန်းမဟုတ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☑ အပြောင်းအလဲမရှိ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)			☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☑ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
